www.burmeseclassic.com

သာသနာတော်နှစ် ၂၅၆၀ ကောဇာသက္ကရာဇ် ၁၃၇၈




စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ချောင်းဆုံတောင်ရွာ၊
လေတင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဖြစ်တော်မူသော အနန္တ ကျေးဇူးတော်ရှင်

# ဘဒ္ဒန္တ နန္ဒမာလာ မထေရ်မြတ်ကြီး
# ထေရုပ္ပတ္တိကထာ

ပြာသိုလပြည့်ကျော်(၁၅)ရက် သောကြာနေ့

www.burmeseclassic.com

www.burmeseclassic.com

သာသနာတော်နှစ် ၂၅၆၀ ကောဇာသက္ကရာဇ် ၁၃၇၈



စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ချောင်းဆုံတောင်ရွာ၊
လေတင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ဖြစ်တော်မူသော အနန္တ ကျေးဇူးတော်ရှင်

# ဘဒ္ဒန္တ နန္ဒမာလာ မထေရ်မြတ်၏
# ထေရုပ္ပတ္တိကထာ

ပြာသိုလပြည့်ကျော်(၁၅)ရက် သောကြာနေ့

www.burmeseclassic.com

www.burmeseclassic.com



# ပေါ်တော်မူ ကပ်ကျော် ဆုတောင်းပြည့် စေတီတော်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တော်မူ ကပ်ကျော်မြတ်စွာဘုရား

www.burmeseclassic.com

www.burmeseclassic.com



လေတင်ကျောင်းတိုက်ကြီး



ဆရာတော် သီတင်းသုံးရာ ကျောင်း။

www.burmeseclassic.com


www.burmeseclassic.com



ဆရာတော် ဦးနန္ဒမာလာ၏ မူလဥပဇ္ဈာယ်ဆရာတော် ဦးတေဇ

www.burmeseclassic.com


www.burmeseclassic.com



ဆရာတော် ဦးနန္ဒမာလာ၏ နောင်တော်ကြီး ဦးသောဘန

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော် ဘဒ္ဒန္တ နန္ဒမာလာ မထေရ်

www.burmeseclassic.com

www.burmeseclassic.com





ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်

www.burmeseclassic.com

www.burmeseclassic.com

# "မိတ်ဆက်ပါရစေ ဓမ္မမိတ်ဆွေ"

၁၃၇၇ ခုနှစ် တန်ခူးလဆန်း (၄) ရက်နေ့ မန္တလေးမြို့ မြို့တော်ဆေးရုံကြီးတွင် ဆေးကုသမှုခံယူကာ အစွမ်းကုန်ကြိုးစားကုသပါသော်လည်း ဆရာတော်ဘုရားကြီး၏ ရောဂါ ဝေဒနာကား သက်သာ၍ မလာခဲ့ပါ။

၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်နေ့ နံနက် ၆ နာရီ ၁၅ မိနစ် အချိန်တွင် မြို့တော်ဆေးရုံကြီး၌ ပျံလွန်တော်မူ၍ ဥတုဇရုပ်ကလာပ်တော်ကို မိမိရပ်ရွာဖြစ်သော ချောင်း ဆုံ(တ)ရွာ၊ လေတင်ကျောင်းတိုက်ကြီးတွင် ပြန်လည်ပင့်ဆောင်ကာ အပူဇော်ခံလျက် ကဆုန် လပြည့်ကျော် ၁၁ ရက်နေ့တွင် ရုပ်ကလာပ်တော်ကို နိဗ္ဗာန် ကျောင်းပေါ်သို့ ပင့်ဆောင်ကာ ပူဇော်ခွင့်၊ ဖူးမြော်ကြည်ညိုခွင့်ရပြီး အန္တိမစျာပန မီးပူဇော်ပွဲကို ၁၃၇၈ ခု ပြာသိုလပြည့်ကျော် ၁၅ ရက်၊ သောကြာနေ့မှာ နောက်ဆုံး ပူဇော်ကြတော့မှာဖြစ်ပါတယ်။

**သုံးလောကထွင်ရှား မြတ်စွာဘုရားသည်**

**"သ,နာထ ဘိက္ခဝေ ဝိဟရထ မာ အ,နာထာ"**

"ရဟန်းတို့ အားကိုးတစ်ခု အမှီပြု၍ နေထိုင်ကြ အားကိုးရာမဲ့မနေလိုက်ကြပါနဲ့" ဟု မိန့်မှာတော်မူခဲ့သော်လည်း မိမိတို့အတွက် အားကိုးရာမဲ့ခဲ့လေပြီ။

သို့သော် ကျေးဇူးတော်ရှင် ဆရာတော်ကြီးဘုရားကြီး သက်တော် ထင်ရှားရှိစဉ်အခါက အရာရာတိုင်း အသေးအဖွဲ့ရယ်ဟု သဘောမထားဘဲ အသေးစိတ် စနစ်တကျ ပဲ့ပြင်ဆုံးမ လေ့ကျင့် သင်ကြားပေးခဲ့ပါသည်။ နည်းမှန် လမ်းမှန် တရားမှန် စကားမှန်သည့် ဩဝါဒ သတ္တိတွေ လောကစံ ရင်ဆိုင်နည်း စသော သတ္တိတွေ ချန်ထားပေး တော်မူခဲ့သဖြင့် မိမိတို့တပည့်တွေ၏ နှလုံးအိမ်အတွင်းသို ထာဝရ ကိန်းအောင်း နေသည့်အတွက် ထိုသတ္တိတွေက မိမိတို့၏ ဆ[illegible]ဆူ သဖွယ် ထင်ကျန်နေရစ်သဖြင့် အားကိုးရာမဲ့မနေဘဲ အားကိုးတစ်ခု အမှီပြုစရာ

www.burmeseclassic.com

ကေန်မုချရှိနေသေးသဖြင့် အမိမဲ့ သားများ မဟုတ်ကြတော့ပေ။

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးဘဝတစ်သက်တာလုံး မိမိရပ်ရွာ သာသနာအတွက် အားကြိုးမာန်တက် ဆောင်ရွက်တော်မူသွားချက်အရ ဘာသာ သာသနာ ချစ်မြတ်နိုးသူအားလုံး အတုယူ အားကျစရာ ကောင်းလှပါသည်။

ဆရာတော်သည် ခံစားစံစားမှုကို ရှေ့တန်းမတင်ဘဲ ပေးဆပ်ခဲ့မှုတွေက မိမိရပ်ရွာ သာသနာအတွက် သက်သေဖြစ်သွားခဲ့ပါ၏။ ဆီးချို၊ သွေးချို ရောဂါဝေဒနာဖြစ်နေတဲ့ကြားက အနားမယူဘဲ တရားဟောရင်း ဦးနှောက် သွေးကြောပေါက်ခဲ့ပါသည်။ သာသနာအတွက် မနေမနားကြိုးစားသွား တော်မူခဲ့ပါသည်။ မိမိတို့ရပ်ရွာအတွက် မိမိတို့အတွက် တန်ဖိုးဖြတ်၍မရသော အတုယူစရာကောင်းလောက်အောင် ကြည်ညို လေးစား အားထားထိုက်သော ဆရာတော်တစ်ပါးဖြစ်သည်ကို ဓမ္မမိတ်ဆွေများအတွက် ရှေးဦးစွာ မိတ်ဆက် တင်ပြလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ အနန္တကျေးဇူးတော်ရှင် ဘဒ္ဒန္တ နန္ဒမာလာ မထေရ်မြတ်၏
ထေရုပ္ပတ္တိ အကျဉ်းချုပ် ၁

၂။ ရှစ်လုံးဖွဲ့ကန်တော့ ပန်းလင်္ကာကဗျာများ ၅

၃။ ပြန်လည်ကြားယောင်မိပါသည် ၁၁

၄။ နတ်တို့ပင့်ပွဲ မျက်ရည်ရွဲ ၈၀ ပေါ်တေးထပ် ၁၆

၅။ မြတ်ဆရာဂုဏ် ၁၇

၆။ ကောင်းကင်ကြိုး ၁၉

၇။ လေ့လော့သံနှင့် သံချပ်များ ၂၂

၈။ နေအဆောင် လအရောင်ပမာဆောင် တေးထပ် ၂၉

၉။ သံဝေဂလင်္ကာများ ၃၁

၁၀။ အလှူရှင်စာရင်းများ ၃၇


www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆန်မြို့နယ်၊ ချောင်းဆုံ(တ)ရွာ၊
လေတင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်ဖြစ်တော်မူသော

## **အနန္တကျေးဇူးတော်ရှင် ဘဒ္ဒန္တ နန္ဒမာလာမထေရ်မြတ်** ၏
## ထေရုပ္ပတ္တိအကျဉ်းချုပ်ပါဘုရား

ကျေးဇူးတော်ရှင်၊ ဘဒ္ဒန္တ နန္ဒမာလာဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း ဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ချောင်းဆုံ(တ)ရွာ၊ ခမည်းတော် ဦးဘဂျမ်း၊ မယ်တော် ဒေါ်ကြား စိန်တို့မှ ၁၃၁၀ ခုနှစ် တပို့တွဲ လပြည့်ကျော် ၁၁ ရက် စနေနေ့တွင် ဖွားမြင်သန့်စင်သော ဆင္ဘမမြောက် သားထွေးရတနာဖြစ်ပါသည်။

အထွေးဆုံး သားရတနာဖြစ်၍ ငယ်နာမည်ကို မောင်ထွေးအောင်ဟု ခေါ်ဆိုခဲ့ပါသည်။

၁၃၂၀ ပြည့်နှစ်တပေါင်းလပြည့်ကျော်(၂)ရက်နေ့တွင် စစ်ကိုင်းတိုင်း ဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်၊ ချောင်းဆုံတောင်ရွာ လေတင် ဆရာတော် ဦးတေဇကို ဥပဇ္ဈာယ်ပြု၍ ရှင် သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ဘွဲ့တော်မှ ရှင်နန္ဒမာလာ ဖြစ်ပါသည်။

၁၃၂၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ် ချောင်းဆုံတောင်ရွာ ခမည်းတော် ဦးဘဂျမ်း၊ မယ်တော် ဒေါ်ကြားစိန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ချောင်းဆုံရွာ လေတင်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတိုက်၏ ခဏ္ဍာသိမ်တော်၌ လေတင်ကျောင်းတိုက် ဆရာတော် ဦးတေဇကို ဥပဇ္ဈာယ်ပြုလျက် နှစ်ရာ့နှစ်ဆယ့် ခုနှစ်သွယ် သိက္ခာဝန်ထမ်းမြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

## စာသင်ကြွရာ ဒို့ဆရာ

ဆရာတော်လောင်းလျာသည် ပရိယတ္တိသာသနာထွန်းကားရာဖြစ်သော မန္တလေးမြို့ အသောကာရာမတိုက်၊ ရေတော်ကျောင်း၌ ပထမ ရေတော် ဆရာတော်ဘုရားထံမှ ပညာရေနို့သောက်စို့ခဲ့ပါသည်။ ထိုမှတစ်ဖန် တောင်ငူမြို့ ဓမ္မာစရိယတက္ကသိုလ် ကျောင်း တိုက်ကြီးသို့ရောက်ရှိကာ ထိုကျောင်းတိုက်ကြီး၏ တိုက်အုပ်ဆရာတော်ဖြစ်သော ဦးခန္တီသာရ ဆရာတော် ဘုရားထံမှလည်း ကောင်း၊ စာချနာယက ဆရာတော်များဖြစ်ကြသော ဦးနရ သီရိ(သာသန ဓဇဓမ္မာစရိယ)၊ ဦးသုပါကဋာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)ဆရာတော် ဘုရားများထံ၌လည်းကောင်း စာပေပညာများကိုလေ့လာသင်ကြားဆည်းပူးခဲ့ပါသည်။

ထိုသို့စာပေပညာများကို သင်ကြားလေ့လာဆည်းပူးနေစဉ် ၁၃၃၄ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်နေ့၌ နောင်တော်ဘုန်းကြီး ဘဝနတ်ထံ ပျံလွန်တော်မူ၍ ရပ်ရွာဒါယကာ၊ ဒါယိကာမများ၏ လျှောက်ထားတောင်းပန်ချက်အရ မိမိဇာတိရွာဖြစ်သော ချောင်းဆုံတောင်ရွာ လေတင်ကျောင်းတိုက်တာကြီး၏ ဦးစီးပဓာန နာယကဆရာတော်ကျောင်းထိုင်အဖြစ် အပ်နှင်းခြင်းကို လက်ခံတော်မူခဲ့ပါသည်။

## သာသနာပြုရာ ဒို့ဆရာ

ဆရာတော်သည် ၅ ဝါမြောက်၌ မိမိဇာတိရပ်ရွာဖြစ်သော ချောင်းဆုံ တောင်ရွာ၊ လေတင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်အဖြစ် ဆောင်ရွက်တော်မူစဉ် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ

www.burmeseclassic.com

တရားလက်ကိုင်ထား၍ "မကောင်းမြစ်တာ၊ ကောင်းရာညွှန်လှစ်၊ အသစ်ဟောကြူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်း ပြု၊ ရဟန်းမှူ၊ ခြောက်ခုလွှန်သေချာ" ဟူသော ရဟန်းကျင့်ဝတ်နှင့် လျော်ညီစွာ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အားတရားဓမ္မများကိုအခါ အားလျော်စွာ သွန်သင်ပြသဆုံးမတော်မူခဲ့ပါသည်။ တပည့်သာမဏေများအား အခြေခံဖြစ်သော ရှင်ကျင့်ဝတ်သေခိယသိက္ခာပုဒ်တို့နှင့် သဒ္ဒါသုတ်စဉ်၊ အဘိဓမ္မာသင်္ဂြိုဟ် ပါဠိများကို သင်ကြားပို့ချ၍ ပစ္စည်းလေးပါးထောက်ပံ့ ကာ စာသင်တိုက်ကြီးများသို့ ပို့လွှတ်၍ စာပေပရိယတ္တိများကို သင်ကြားစေခဲ့ပါသည်။ မိမိနေထိုင်ရာ ကျောင်းတိုက်နှင့် မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် မိမိရပ်ရွာ အခြေခံ ပညာအလယ်တန်းကျောင်း(ခွဲ)၌ တက်ရောက်ပညာသင်ကြားနေကြသော ကျောင်းသား၊ ကျောင်းသူများအား နှစ်စဉ် အာဟာရဒါနငါးကြိမ်တိုင်တိုင် ကျွေးမွေး စောင့်ရှောက်လျှက် ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ စသည်တို့ကိုလည်း ထောက်ပံ့စွန့်ကျဲခဲ့ပါသည်။

(၁) လောကရှေ့ဆောင် ပညာအလင်းရောင်ပေးနေတဲ့ ဆရာ၊ ဆရာမကို ပညာသင်ကြားရာ၌ နေရေးထိုင်ရေးကျန်းမာရေးအဆင်ပြေစေရန်အတွက် နှစ်ခန်းတွဲ အိမ်သာများကိုလည်း ဆောက်လုပ်ပေး၍အလှူဒါနပြုခဲ့ပါသည်။

(၂) ဆရာတော်သည် ၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်နေ့တွင် ရန်ကုန်မြို့နေ ဆရာတော်၏နောက်ဆုံးကံထပ် ရဟန်းဒါယကာ ဦးကျော်ဝင်း+ကံထပ် ရဟန်းဒါယိကာမ ဒေါ်တင်တင်ဌေး၊ သမီး မအေးမြတ်နွယ် မိသားစုတို့နှင့်တကွ၊ ဦးသန်းဦး၊ ဦးဇော်ဇော်၊ မဘုတ်၊ မနွဲ့မောင်နှမတစ်စုတို့၏ ခရီးစဉ်တစ်လျှောက် ပစ္စည်းလေးပါးထောက်ပံ့လှူဒါန်းမှုဖြင့် ဆရာတော်သည် သာသနာပြုရာ၌ မိမိရပ်ရွာအတွင်းသာမက ပြည်ပခရီးစဉ်ဖြစ်တဲ့ မြတ်ဗုဒ္ဓဘုရား၏ ပွင့်ထွန်းတော်မူရာဖြစ်သော အိန္ဒိယနိုင်ငံ၊ မြေမြတ်မဟာ၊ ဗုဒ္ဓဂယာသို့ ပြည်ပသာသနာပြု ဘုရားဖူးခရီးစဉ်ကိုလည်း ကြွတော်မူခဲ့ပါသည်။

(၃) နွေရာသီ ယဉ်ကျေး လိမ္မာသင်တန်းနှင့် ဓမ္မစကူးလ်သင်တန်းများကို ဦး

www.burmeseclassic.com

ဆောင်၍ ကျောင်းတိုက်တာ အတွင်း လိုအပ်သည့်အာဟာရဒါနများ ကိုက်ကျွေး ကာ ဖွင့်လှစ်ခဲ့ပါ သည်။

(၄) သာသနာအရှည်ခန့်၍ တည်တံ့ပါစေခြင်းအကျိုးငှာ ကျောင်းတိုက်တာ အတွင်း ဟောင်းနွမ်းနေသော ကျောင်းတိုက်ကြီးများကို အသစ်တစ်ဖန် ခိုင်ခိုင် ခန့်ခန့် ပြန်လည်တည်ဆောက်ခြင်းနှင့် ဟောင်းနွမ်းနေသော စေတီဘော်များကို အသစ်တစ်ဖန် ခိုင်ခိုင် ခန့်ခန့် ပြန်လည်ကြည်ညိုနိုင်ရန် တင့်တယ်သပ္ပာယ်စွာ အသစ် ပြန်လည်တည်ထား ကိုးကွယ်ခြင်းများကို ပြုလုပ်၍ လိုအပ်သော စောင်း တန်းနှင့် တံခွန် တိုင်များကို တည်ဆောက်နေစဉ် အတွင်း ၁၃၇၈ ခုနှစ်၊ ကဆုန် လပြည့်ကျော် ၃ ရက် အင်္ဂါနေ့နံနက် ၆ နာရီ ၁၅ မိနစ်အချိန်တွင် တစ်ဘဝခန္ဓာ ချုပ်ငြိမ်း၍ ဘဝနတ်နန်း ကြွမြန်းတော်မူခဲ့ပါသည်ဘုရား။

၈၁၉



www.burmeseclassic.com

www.burmeseclassic.com

# ရှစ်လုံးဖွဲ့ကဗျာ

ဘဝနတ်နန်း စံမြန်းတော်မူသွားသော ကျေးဇူးတော်ရှင်
ဘဒ္ဒန္တနန္ဒမာလာ ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိအကျဉ်း
ရှစ်လုံးဖွဲ့ကန်တော့ပန်းလွှာကဗျာများ။

၁။ ဗုဒ္ဓ ဓမ္မ သံဃာတစ်ဖြာ
မာတာ ပိတ မိဘနှစ်ဖြာ
အာစရိယ သင်ပြဆရာ
လက်စုံမိုး ရှိခိုးဝန္ဒနာ။

၂။ ဘုရားတရား ထင်ရှားဂုဏ်အင်
သံဃာအများ ရှိဗြားသည့်ပင်
အမြတ်သုံးပါး ဝတ်တွားကြည်လင်
မြဲမပြတ် ဦးချနေ့တိုင်းပင်။

၃။ ဇာနည်သားမြတ် ဖွားလတ်ဒေသာ
တိုင်းမှာစစ်ကိုင်း ရှုတိုင်းသာယာ
တန့်ဆည်နယ်ရင်း အတွင်းဝင်ပါ
မှတ်ထားကြ များလှတို့သူငါ။

၄။ ဇေယျာစစ်ကိုင်း ရစ်ဝိုင်းဇရာ
လမ်းဆုံးဒေသ နာမတစ်ဖြာ
ချောင်းဆုံရွာဟု ယခုတိုင်ပါ
ရွာမြတ်များ တစ်ပါးဝင်အပါ။



www.burmeseclassic.com

www.burmeseclassic.com

၅။ ခမည်းတော်လှ ဦးဘဂျမ်းပါ
မယ်တော်မည်ကား ဒေါ်ကျားစိန်သာ
မာတာပိတ ကြီးလှမေတ္တာ
မိဘများ မှတ်သားကြစရာ။

၆။ ထောင့်သုံးရာဟု သုံးဆယ်ခု ရောက်ခါ
တပို့တွဲလ ဆုတ်ပက္ခမှာ
နဂါးမင်းနေ့ ချမ်းမြေ့လူ့ရွာ
ဖွားမြင်မြောက် ထွန်းတောက်ပေါ်ထွက်လာ။

၇။ ခြောက်နှစ်ကျော်မျှ ခွန်ရောက်ချိန်ခါ
သက်ရှယ်နုသေး သင်ရေးပညာ
စာသင်ကျောင်းက အစဦးစွာ
ငယ်စဉ်က သင်ရပထမာ။

၈။ မာတာပိတ မိဘနှစ်ဖြာ
ပစ္စယမေ့မှ နှစ်ဝခံကာ
သာသနာတွင်း သွတ်သွင်းပေရှာ
ရှင်ပြုပေး လှူရေးမြတ်သဒ္ဓါ။

၉။ တောင်ငူမြို့မှ စံပြဒေသာ
ဦးခန္တီသာရ ထေရ်ဆရာ
ပညာသင်ဖို့ မချွတ်ရောက်လာ
အထက်တန်း တက်လှမ်းစေဖို့ရာ။

၁၀။ မန်းရွှေဒေသ မြို့ကမဟာ



www.burmeseclassic.com

www.burmeseclassic.com

အာသောကာရာမ ကျောင်းတိုက်ဝိဟာ
ပရိယတ်တန်း တက်လှမ်းဝေဖြာ
စာသင်ဆက်နေလျက် ချိန်အခါ။

၁၁။ သက်နှစ်ဆယ်ပြည့် ရောက်ရှိရွယ်တွင်
ဦးတေဇက ဆုံးမထေရ်ရှင်
သံဃာအများ ထံပါးရှေ့တွင်
အထက်တန်း ရဟန်းဘောင်သို့ဝင်။

၁၂။ ဦးတေဇာဟု ထေရ်ရှူမဟာ
ဥပဇ္ဈာယ်ပြု ဘိက္ခုဘာဝါ
လေတင်မည်ရ ခဏ္ဍာသိမ်မှာ
မြတ်ရဟန်း တက်လှမ်းဝေဝေဖြာ။

၁၃။ ချောင်းဆုံဂါမ နေကြဒေသာ
ဦးဘဂျမ်းမည်လျှင်း လှူခြင်းစေတနာ
ဒေါ်ကျားစိန်ခဲ ထူးကဲသဒ္ဒါ
ရဟန်းပြု လှူမှုပစ္စယာ။

၁၄။ ဦးမြမောင်နှင့် ဒေါ်ညိုရင်ပါ
ပစ္စယဓမ္မ နှစ်ဝခံကာ
အမွေခံမှန်း ရဟန်းဒကာ
သိက္ခာထပ် အမြတ်တို့ဆရာ။

၁၅။ တစ်သုံးသုံးလေး ရောက်ရေးချိန်ခါ
ကဆုန်လထဲ ဆန်းဆဲချိန်ခါ



www.burmeseclassic.com

www.burmeseclassic.com

သာသနာပြု အမှုသေချာ
ကျောင်းတော်ရောက် အံ့လောက်တို့ဆရာ။

၁၆။ လေတင်ကျောင်းတိုက် ပျော်ပိုက်ချိန်ခါ
ကျောင်းကန်ဘုရား ပြင်ငြားခါခါ
အလှူရှင်များ ဝမ်းပန်းတသာ
ဘုန်းဘုရား ပြုငြားသာသနာ။

၁၇။ အံ့ဖွယ်များပြား ရှိငြားမှန်ပင်
ကပ်ကျော်ဘုရား ထင်ရှားအစဉ်
နောင်လာနောက်သား မှတ်သားစေချင်
ဘုန်းဘုရား တည်ထားယခုပင်။

၁၈။ ကျောင်းတော်ကျောင်းတိုက် သိုက်မြိုက်စည်ပင်
တုသီကြငှာန်း နတ်နန်းအသွင်
ကျောင်းကန်ဘုရား တည်ထားဝေလွှင်
သူတော်ကောင်း ပျော်အောင်းစံရာပင်...

၁၉။ ကျောင်းတော်ကျောင်းတိုက် သိုက်မြိုက်သာယာ
ဆရာဘုရား ပျော်ပါးစံရာ
ဒကာ (ဒကာမ) အပေါင်း ခညောင်းဝေဆာ
နှစ်,လပေါင်း ကြာညောင်းတို့ဆရာ...။

၂၀။ သီလတရား ငွေသားဖြူစင်
သမာဓိအား ကျောက်သားအသွင်



www.burmeseclassic.com

www.burmeseclassic.com

ပညာကျင့်အား မြင့်မားဝေဟင်
သိက္ခာသုံး ထိပ်ဆုံးတို့ဘုန်းရှင်...။

၂၁။ ကျောင်းတိုက်ကြီးနှင့် သီးပွင့်ဝေဆာ
ဒကာ၊ ဒကာမ များလှပေတာ
ဟောဖော်ညွှန်ပြ ဆုံးမလေတာ
စိတ်ရှင်အေး တိုက်ကျွေးမြတ်စမွှာ...။

၂၂။ ညှာတာမဲ့ကင်း သေမင်းယုတ်မာ
နင့်နောက်ထည့်ဘူး ထေရ်မှူးဆရာ
သမားထိပ်သီး ကုနည်းတဖြာ
ကုသရင်း သက်ဆင်း မရဏာ...။

၂၃။ တစ်သုံးခွန်ရှစ် ရောက်လစ်ချိန်ခါ
ကဆုန်လဆုတ် သုံးရက်ချိန်ခါ
အင်္ဂါနေ့ရက် နံနက်ခြောက်မှာ
ခန္ဓာစဲ သေပွဲဝင်ရရှာ...။

၂၄။ မချိလိုက်လှဲ ဝမ်းနည်းပူဆာ
ရွှေတောင်ကြီးလား အားထားမှီရာ
ပြိုကျပျက်စီး ပူမီးဗျာပါ
လူရှင်များ ခံစားမျက်ရည်ဖြာ...။

၂၅။ မပြန်သည့်လမ်း ကြွမြန်းဆရာ
ဖူးရမြင်မှု ရင်ထုမနာ



www.burmeseclassic.com

www.burmeseclassic.com

တပည့်အပေါင်း ညွတ်ပြောင်းပန်ထွာ
ဦးနှိမ်ကျိုးရှိခိုးဝန္ဒနာ...။

၂၆။ အနိစ္စာဝတ မှန်ပသခါရာ
ဓမ္မမြတ်ထုံး နှလုံးသွင်းကာ
တပည့်အများ ဝပ်တွားခါခါ
ပူဇော်ပွဲ ဆင်နွှဲနေ့ညပါ...။

၂၇။ ပဓာန နာယက ထေရ်ရဆရာ
လေတင်ကျောင်းတိုက် အံ့ထိုက်ပေရာ
ဈာပနာပွဲ ဆင်နွှဲသည်မှာ
အသာဆုံး ထေရ်ဘုန်းမြတ်ဆရာ...။

၂၈။ တွေ့ခဲ့ကြုံခဲ့ ဆုံခဲ့လေတာ
ဆရာဘုရား ကြီးမားဂုဏ်ဝါ
ဆယ်ဖြာယှက်မိုး လက်ချီးခါခါ
မာန်ညွတ်ကျိုး ရှိခိုးကန်တော့လွှာ။

ရွှေဘုန်း (တန့်ဆည်)
ခံစားတင်ပြပူဇော်ပါသည်ဘုရား။

ဆဆဆ



www.burmeseclassic.com

www.burmeseclassic.com

# ပြန်လည်ကြားယောင်မိပါသည်

ဘဝဇာတ်ခုံ၊ ဤလူ့ဘုံတွင်
တွေ့ကြုံဆုံကွဲ၊ ဖြစ်ရမြဲမို့
လွဲမရှောင်သာ၊ သင်နဲ့ငါနဲ့
ကြုံလာယနေ့၊ ဆုံလာတွေ့သည်၊
တစ်နေ့နောင်ခါ၊ ခွဲရမည်မှာ ဓမ္မတာတည်း။

အထက်ပါသံဝေဂလင်္ကာလေးကို နာရေးကြုံတိုင်း ဒါယကာ၊ ဒါယိကာမ အပေါင်း သူတော်ကောင်းတို့အား ဓမ္မသံဝေဂဉာဏ်ရစေခြင်းအကျိုးငှာ ဆရာတော်က ရှေ့က ချပေးပြီး နောက် က လိုက်ဆိုခိုင်းနေတဲ့ ဆရာတော်ရဲ့အသံကို မိမိနားထဲက မထွက်သေးဘဲ ပြန်လည်ကြား ယောင်နေမိပါသည်။ လင်္ကာလေးကို ချပေးပြီး အဓိပ္ပါယ်ရှင်းလင်းချက်စကားပြေများကို ဟောပြောပြနေပုံကလည်း အသက်ရှင်သည့်အလား ပြန်မြင်ယောင်နေမိသည်။

"ဒို့ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတွေ ရှေးဘဝ အတိတ်ကံတွေ ညွှန် ကြားပေးလိုက်လို့ ဘဝဇာတ်ခုံ လူ့ဘုံလောကကြီးထဲမှာ သားနှင့်အမိ၊ ညီနှင့်အစ်ကို တစ် ယောက်နဲ့တစ်ယောက် တွေ့လာကြတယ် ဆုံလာကြရတယ်။ တစ်နေ့နေ့တစ်ချိန်မှာ မလွှဲသာ မရှောင်သာပဲ ခွဲခွာကြရမှာ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါတယ်။ အခုတရားဟောနေတဲ့သူရော တရားနာနေတဲ့ သူတွေရော မလွဲမသွေ ကြုံရမှာဖြစ်ပါတယ်။ ဘုန်းကြီးက အရင်လမ်းခွဲသွားမလား၊ ဒကာ ဒကာမ အပေါင်းသူတော်ကောင်းတွေက အရင်လမ်းခွဲသွားမလား သခါရပိုင်နက်အတွင်း နေလာကြတဲ့သူတွေဖြစ်တဲ့အတွက် တစ်ချိန်ချိန်မှာတော့ လမ်းခွဲသွားကြရမှာ သေချာပါတယ်။ အရင်သွားတဲ့လူနဲ့နောက်မှသွားတဲ့လူ ဒါလေးပဲ ကွာခြားသွားခြင်းပဲဖြစ်ပါတယ်"အစရှိသဖြင့် သံဝေဂတရားတွေ ဟောပြောနေပုံကိုလည်း ဆရာတော်မရှိပေမယ့် ပြန်လည် ကြားယောင်နေမိပါသည်။ အခုတော့ ဆရာတော်ဘုရားဟာ တပည့်အများပစ်ခွာ၍ထားခဲ့ပြီး ထက်ဖျားနတ်ရွာဝတီသာ သို့ကြွမြန်းခဲ့ရရှာလေသည် ကျန်ရစ်ခဲ့သူများအဖို့မှာတော့ တမ်းတမ်းတတ နွမ်းနွမ်းလျလျ မဖြေနိုင်ကြရလေသည်။

ဆရာတော်သည် မိမိတို့ရပ်ရွာမှာ နှစ်ပေါင်းများစွာ တစ်ပိုင်တစ်နိုင် သာသနာပြုရင်း၊ "မမျှော်လင့်တဲ့ ဖြုန်းခနဲ ရောက်ဆဲနာဗျာဓိ"ဆိုတဲ့အတိုင်း ခန္ဓာကိုယ်ရုပ်တရားကြီးကို ဆီးချို သွေးချိုဆိုတဲ့ရောဂါဆိုးကြီးကပ်ရောက်၍ လာပါတော့သည်။ ဆရာတော်သည် ဆီးချို သွေးချိုပျောက်တဲ့ဆေးတွေ စားရင်းစားရင်းနဲ့ နောက်ဆက်တွဲရောဂါတွေအဖြစ် နားတွေအူ နားတွေလေး၍ လာခဲ့ပါသည်။ နောက်ဆုံး အသံတွေပါ မှုမမှန်တော့ပေ။ အသံတွေတိမ်၍ လာခဲ့ပါတော့သည်။ သို့သော် ဆရာတော်၏ သာသနာပြု လုပ်ငန်းများက ရပ်တန့်၍ မသွားပေ အင်မတန်မှ စိတ်အားထက်သန်ပါသည်။ ကျန်းမာရေးမကောင်းတဲ့ကြားက တပည့်ဒါယကာ၊ ဒါယကာမအပေါင်း သူတော်ကောင်းတို့အား

"မကောင်းမေတ္တာ၊ ကောင်းရာညွှန်လှစ်
အသစ်ဟောကြူး၊ နာဖူးထပ်မံ
နတ်ထံတင်ရာ၊ မေတ္တာလည်း ပြု

ရဟန်းမှု ခြောက်ခုလွန်သေချာ"ဆိုတဲ့ရဟန်းတော်တို့ရဲ့ကျင့်ဝတ်အတိုင်း အသစ် အသစ်သော တရားတော်များကို ဟောကြားခြင်း၊ နာကြားဖူးပြီးသော



www.burmeseclassic.com

www.burmeseclassic.com

တရားတော်များကို ပို့ပြီး နားလည်မှတ်မိအောင် ထပ်မံဟောကြားခြင်းများကို ပြုလုပ်၍နေခဲ့ပါသည်။ ပြန်လည် အမှတ်ရနေမိပါသေးသည်၊ ဆရာတော်သည် သုသာန်ဇရပ်မှာ သေသောသူကို အကြောင်း ပြု၍၊ ကျန်ရစ်သူမိသားစုများ လိုက်ပို့ဆောင်ကြသော ဒကာ၊ ဒကာမအပေါင်း သူတော်ကောင်းတို့အားဘုရားရှင် ဟောကြားတော်မူခဲ့သော ဓမ္မစကြာတရားတော်ထဲက တရားတစ်ပုဒ်ကို ထုတ်နုတ်၍ဟောပြောနေပုံကိုလည်း ပြန်လည်၍ မြင်ယောင်မိပါသည်။

**"ဣဒံခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။**

**ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခာ၊**

**မရဏမ္ပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊**

**ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊ ယမ္ပိစ္ဆံ န လဘတိ**

**တမ္ပိ ဒုက္ခံ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ"** ဆိုတဲ့ ပါဠိကို ဆရာတော်သည် သံဝေဂဉာဏ်ဖြင့် ရွတ်ဆိုပြီး မြန်မာလို ဤသို့ရှင်းပြခဲ့ပါသေးသည်။ ဒကာ၊ ဒကာမ အပေါင်း သူတော်ကောင်းတို့ "ပဋိသန္ဓေနေရခြင်းသည်လည်း ဆင်းရဲတယ်၊ အိုရခြင်းသည်လည်း ဆင်းရဲတယ်၊ နာရခြင်းသည်လည်း ဆင်းရဲတယ်၊ သေရခြင်းသည်လည်း ဆင်းရဲတယ်၊ မချစ်မနှစ်သက်သောသူတို့နှင့်အတူတကွ ယှဉ်တွဲနေထိုင်ရခြင်းသည်လည်း ဆင်းရဲတယ်၊ ချစ်သောသူတို့နှင့် ခွဲခွာရခြင်းသည်လည်း ဆင်းရဲခြင်းသို့ရောက်ပါတယ်" မြန်မာလိုရှင်းပြလိုက်တဲ့အခါမှာတော့ တရားနာသူအပေါင်း သံဝေဂဉာဏ်တွေများစွာ ရှိခဲ့ပါသည်။ အခုတော့ဆရာတော် သည် ချစ်ရသူ၊ ခင်ရသူ၊ ဆွေညာအများ စွန့်ပယ်၍ သွားခဲ့ပါသည်။ ဒီနေရာမှာ အထက်ပါ ဓမ္မစကြာပါဠိတော်ရဲ့ လက်ာလေးကိုလည်း မင်းကွန်းဆရာတော် ဘုရားကြီးက လူအများအရ ဆောင်ထားနိုင်ရန် ဤသို့ ရေးစပ်ခဲ့ပါ သည်။

**ပဋိသန္ဓေ အိုနာသေဟု**

**လေးထွေရှင်းမြစ် ဒုက္ခဖြစ်၏**

**မချစ်ယှဉ်တွဲ ချစ်သူကွဲနှင့်**



www.burmeseclassic.com

www.burmeseclassic.com

လိုလည်းမရ အကျဉ်းပြသော်
ပဋ္ဌာဥပါဒါ၊ ငါးခန္ဓာ
သစ္စာဒုက္ခ မှန်မောလှ။

ဆရာတော်သည် ဒကာဒကာမအပေါင်းသူတော်ကောင်းတို့အားဒါနနှင့် ပတ်သက်သော တရားတော်များကိုလည်း ဤသို့ဟောကြားတော်မူခဲ့ပုံကိုလည်း ပြန်လည် အမှတ်ရမိနေပါသည်။ ဆရာတော်က "ဘုရားမှာ ပန်းလေးတစ်ပွင့်၊ သစ်သီးတစ်လုံး၊ သောက်တော်ရေလေးတစ်ခွက်ကို စေတနာနဲ့ပေးလှူရင်လည်း ဒါနပြုတာပါပဲ။ များများလှူမှ ဒါနပြုတာ မဟုတ်ပါဘူး ကြားဖူးကြမှာပေါ့။ ညောင်စေ့လောက်လှူပေမယ့် ညောင်ပင်ကြီးလောက် အကျိုးပေးတယ်။ ညောင်ပင်ကြီးလောက်လှူပေမယ့်လည်း ညောင်စေ့လောက်အကျိုးပေးတာလည်းရှိတာပါပဲ။ စေတနာသာလျှင် အဓိကဖြစ်ပါတယ်" စသည်ဖြင့် ဟောကြားတော်မူနေပုံကလည်း မှတ်သားထိုက်လှပါသည်။ ဆရာတော်သည် ဘဝသံသရာအတွက် အကောင်းဆုံးလမ်းကို ပြင်ဆင်ထားပုံရပါသည်။

မသေရခင် သွားလမ်းစဉ်
ကြိုတင်ပြင်သင့်သည်။
ဒါန သီလ ဘာဝနာလမ်းသာတွင်တော့သည်။

ဆိုတဲ့ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး၏ လင်္ကာအတိုင်းမသေခင်လေးမှာ ကိုယ်သွားရမည့်လမ်းကြောင်းကို ကြိုတင်ပြင်ဆင်ထားကြဖို့လိုပါသည်။

ဒါနတည်းဟူသောလမ်း၊ သီလတည်းဟူသောလမ်း ဘာဝနာတည်းဟူသောလမ်း၊ လမ်းသုံးသွယ် တစ်သွယ်သွယ်ကို လိုက်ဖို့လိုပါသည်။ ဒါမှလည်း ကိုယ့်ဘဝသံသရာအတွက် အကောင်းဆုံးရိက္ခာဖြစ်ပါသည်။

ဆရာတော်သည်အခါအားလျော်စွာ မိမိရလာသော လာဘ်သာဘဖြင့် တစ်ဆင့်ဒါနပြုခြင်း၊ ၂၂၇ (နှစ်ရာနှစ်ဆယ့်ခုနှစ်သွယ်သော) သိက္ခာပုဒ်တော်

www.burmeseclassic.com

များစောင့်ထိန်းခြင်း၊ အခါအား လျော်စွာသမထဘာဝနာ၊ ဝိပဿနာဘာဝနာပွား များခြင်းပြုလုပ်၍ နောင်သံ သရာဘဝအတွက် အကောင်းဆုံး ပြင်ဆင်ထားခဲ့ပါ သည်။

"မမျှော်လင့်ဘဲ ဖြုန်းကနဲ ဖောက်လွဲသေနိုင်၏" ဆိုသော လင်္ကာအတိုင်း ဆရာတော်သည် ဒကာ၊ ဒကာမတွေ တရားဟောရင်း မမျှော်လင့်ဘဲထိုင်ရာ ကနေလဲကျပြီး ဦးဖျောက်သွေးကြောပေါက်ခဲ့ပါသည်။ ဆေးရုံသို့တက်ရောက် ပြီး အမျိုးမျိုး ကုသပါသော်လည်း မရဏတွင်းသို့ သက်ဆင်းသွားခဲ့ရပါသည်။ မလိုက်လို့လည်း မရပါ။ နေချင်လို့လည်းမရ အချိန်ပိုင်းလေးမှာ လူ့ဘဝခေတ္တ ခိုနားခဲ့ပြီး ဘဝကြမ်းပြင် ခရီးနှင်သွားခဲ့ပါပြီ။

BURMESE CLASSIC

အားလုံးသော သူတော်ကောင်းအပေါင်းတို့လည်းပဲ သြော် ဒို့တစ်တွေ လည်းပဲ ဒို့ ဆရာတော်အတိုင်းပဲ တစ်နေ့ကြရင် ကံစေရာနောက်သို့ကောက် ကောက်ပါအောင် လိုက်ပါကြရမှာပါလား၊ ဘဝသံသရာခရီး နှင်ကြရဦးမှာပါ လားဆိုတဲ့ အသိတရားလေးဝင်ပြီး ဓမ္မသံဝေဂရနိုင်ကြပါစေ။

ဦးဇနိန္ဒ
ဗိုလ်ကုန်း၊ ချောင်းဆုံ

ဆဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com

## ချောင်းဆုံ(တ)ရွာ၊ လေတင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ သာဓုကီဠနှ အန္တိမ ပူဇာသဘင်၌ ရေးဖွဲ့ပူဇော်အပ်သော နတ်တို့ပင့်ပွဲ မျက်ရည်ရွှဲ (၈၀)ပေါ်တေးထပ်

မျက်ရည်ပုလဲ စိုစိုရွှဲပါလို့
ပို....ပို...ပိုကဲ ပူဇျာပါစုံ
ငို...ငို...ငိုပွဲ တွေ့ကာကြုံတယ်
ထေရ်တကာစုံ တူဆင်နွှဲ...
ဘဒ္ဒန္တနန္ဒမာလာ ဘုန်းမြတ်ဆရာကို
နောက်ဆုံးဈာပန ပူဇော်ပွဲ (ပူဇော်ပွဲ)...
မဟာထေရ်ရ မြတ်လုဂုဏ်ကို
မှတ်ထုံးမကုန် လွှန်...လွှန်ကဲ
ဆူညံမစဲ ပွဲသဘင်
ဒါယကာ ဒါယိကာမ ရင်မှာမချို
တမ်းတပါ၏ ထေရ်သခင်ရယ်...
ရပ်ကျေးရွာ ဆရာတစ်ဆူမို့
ဘာသာဂုဏ်မိုး ဒို့ချောင်းဆုံရွာ
အုပ်စုနာယက သံဃာထေရ်မဟာ
ရှုက်ဆောင်ကာရှင်ပြုံး ဒို့ထေရ်ဘုန်းဆရာကို
ဖြေဆုံးနာဂရာ နတ်တို့ပင့်ခန်းလေး...
နတ်ပြည်ကြွမြန်း ထေရ်မှန်းရည်ကာ
ဆွေးနွေးဗျာသီ ကန်တော့ပြီဘုရား...လေး...။

www.burmeseclassic.com

# မြတ်ဆရာဂုဏ်

(၁) ဆရာ့ကျေးဇူးဂုဏ်အထူးကို ကြည်နူးထုတ်ဖော်ဆိုပါမည်။
(၂) ဆရာ့ကျေးဇူး၊ ဂုဏ်အထူးကို ဦးထိပ်ရွက်ခါ မာန်လျှော့ခါ ရှိခိုးကန်တော့ဆိုပါမည်။
(၃) ဘုရားရှင်ပင်,မြတ်ချစ်ရှင်၏ ဂုဏ်အင်သိအောင် ပုံပြဆောင် သိအောင် သင်တာ မြတ်ဆရာ။
(၄) တရားလမ်းမှန် မြတ်ကျမ်းဂန်ကို သိမှတ်မြင်ရေး ချမ်းသာရေးတွက် မျှော်တွေး နေ့ည မအားရဘဲ သင်ပြပေးတာ မြတ်ဆရာ။
(၅) သံဃာစစ်မှန် ဂုဏ်ရှစ်တန်နှင့် မြတ်မွန်ထေရ်ရှင် သီလဝန်ကို သိမြင်စေရေး ဉာဏ်မျှော်တွေး,သင်ပြပေးတာ မြတ်ဆရာ။
(၆) မိဘကျေးဇူးမြင့်မိုရ်ဦးကို အထူးသိအောင် သက်သေဆောင် သိအောင် သင်တာ မြတ်ဆရာ။
(၇) ဆရာ့ကျေးဇူး ဂုဏ်အထူးကို အထူးသိအောင် နည်းနာဆောင် သိအောင် သင်တာ မြတ်ဆရာ။
(၈) သူတော်ကောင်းစစ် ဖြစ်ဖို့အရေး မျှော်ကာတွေး၍ အသေးအဖွဲ့မလွဲမှားအောင် ပုံပြဆောင် ဖြစ်အောင်သင်တာ မြတ်ဆရာ။
(၉) ပညာရှိထူး တစ်ဦးဆိုလောက် ထွန်းပေါ်ပေါက်ဖို့ မိုးအောက်မြေပေါ် အရှည်မျှော်ထုတ်ဖော်ပေးတာ မြတ်ဆရာ။



www.burmeseclassic.com

www.burmeseclassic.com

(၁၀) ဘဝရှေ့ရေး,ဆင်းရဲဝေးဖို့ မျှော်တွေးနေ့ည,ဆိုဆုံးမ,သင်ပြပေးတာ မြတ်ဆရာ။

(၁၁) ဘဝတက်လမ်း အထက်တန်းတွင် မျက်နှာပန်းလှ ချမ်းသာရဖို့ နေ့ညမျှော်တွေးကြိုးပွားရေး မြှင့်တင်ပေးတာ မြတ်ဆရာ။

(၁၂) အို၊ နာ၊ သေ ရေးအပါယ်ဘေးနှင့် စားရေးဝတ်ရေးနေရေးဒုက္ခ မကြုံရအောင်ဆုံးမသွန်သင်အရှည်မြင် ပြုပြင်ပေးတာ မြတ်ဆရာ။

(၁၃) လောကအလယ် လွှန်တင့်တယ်၍ ကြီးကျယ်မြင့်မား ဂုဏ်ဝင့်ကြွားအောင် ရည်မျှော်ဆောင် မြင့်အောင်မြှင့်တာ မြတ်ဆရာ။

(၁၄) ဖန်ဝါဆင်မြန်း၊ မြတ်သက်န်းနှင့်ရှင်လန်းကြည်လင် ဤအသွင် ဆင်ပြင်ပေးတာမြတ်ဆရာ။

(၁၅) သွားပုံ၊ လာပုံ စားသောက်ပုံနှင့် ထိုင်ပုံနေရေး ပြောဆိုရေးပါ မျှော်တွေးဆုံးမ ထက်တန်းကျအောင်၊ နေ့ညမရွေး ဉာဏ်ရည်သွေး သတိပြုပေးတာမြတ်ဆရာ။

(၁၆) ဝတ်ပုံရုံပုံဆင်ပြင်ပုံနှင့် လူပုံအလယ်တင့်တယ်စေရေးအရှည်တွေး သင်ပြပေးတာမြတ်ဆရာ။

(၁၇) ပြောပုံဆိုပုံဆက်ဆံပုံနှင့်ကျင့်ပုံကျင့်ဖွယ် အသွယ်သွယ်ကိုအလွယ်တတ်ရေး စိတ်ကောင်းမွေး သင်ပြပေးတာ မြတ်ဆရာ။

(၁၈) ပစ္စည်းကိုပေး ပညာပေးလျှက် ရှေ့နေရးနောင်ခါ သာသနာကိုမျက်နှာရှင်လန်း မပင်ပန်းဘဲ ထက်တန်းကျကျ ထမ်းကြပါစေ ဆောင်ပါစေဟု စေတနာဖြူဖွေး တပည့်မွေးသည့် ကျေးဇူးကြီးရှာ မြတ်ဆရာကို လွန်စွာရိုကျိုးလက်စုံမိုးကာ ရှိခိုးကန်တော့ကြပါကုန်၏ အရှင်ဘုရား။

ᨀ၈၁



www.burmeseclassic.com

www.burmeseclassic.com

စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်၊
ရေဦးကုန်းရွာ ကျောင်းမကျောင်းဆရာတော်
**ဘဒ္ဒန္တဝိစာရိန္ဒ (ဝိနယ ဝိဒူ)**
ရေးစပ်ပူဇော်အပ်သော ကောင်းကင်ကြိုး

၁ ။ဒေဝေါပြေရွာ
ထေရ်ဆရာ ကြွမြန်းကြွမြန်း၊
မြတ်စိတ်သန် ရပ်မိဋ္ဌာန်၊
နတ်ဗိမာန် ကြွပုံကဆန်း၊

၂။ ကျင့်သီလာ ပန်းရယ်က
အိုလေလေ့ မွှေးပြန့်စွာ
ဖြူဖြူလွှ ကြူကြူမြ
မြူမြူမခ ကြိုင်လဲကြိုင်လှစွာ။

၃။ ဦးနန္ဒမာလာမြတ် ထေရ်ဆရာရယ်လေး
ဒေါင်းနေပမာ မြသွေးမြသွေး



www.burmeseclassic.com

www.burmeseclassic.com

တက်ပညာ ရပ်တခွင်မှာ
အတတ်သင်ရှာ လွမ်းလှုမှိုင်ဆွေး။

၄။ ဆုံးမပုံ ကလေးတွေတော့
အိုလေလေ့ တွေးဆလျှင်၊
လွမ်းပါကြ မှန်းကာဆ၊
တမ်းကာတ ငိုကြမဆုံးပင်။

၅။ ဦးနန္ဒမာလာမြတ် ဆရာရှင်ငယ်လေ၊
ပကာတင် နောက်ဆုံးနောက်ဆုံး၊
တပည့်လျှင် သတိဝင်၊
မချိတင် လွမ်းမျက်ရည်ဖုံး။

၆။ ကျေးဇူးရှင် ထေရ်ရှင်ဘုန်းကိုဖြင့်
အိုလေလေ့ ဆုံးသက်တိုင်၊
မချိထပွေလှ သတိတွေရ
တပည့်တွေက မေ့လဲမေ့ခက်နိုင်။

၇။ ထေရ်ဆရာ ဂုဏ်ပန်းခိုင်လေ၊
တကြိုင်ကြိုင် ကြူမွှေးကြူမွှေး၊
အကောင်းတွေပင် ကျောင်းလေတင်၊
ပေါင်းဆွေသဘင် သောကမှိုထွေး။

၈။ ကျင့်သီလာ မွှေးရယ်က၊
အိုလေလေ့ ဖွေးဖွေးလွင်၊



www.burmeseclassic.com

www.burmeseclassic.com

ဖြူဖြူလွင့် ကြူကြူတင့်၊
ဆူဆူဖြင့် ခေါင်ပန်းတော်သဇင်။

၉။ လေတင်ကျောင်း ထေရ်အရှင်ရယ်လေ၊
ပညာတွင် တော်လွန်းတော်လွန်း၊
ရွာကျက်သရေ လှလျက်နေ၊
မြသက်ဝေ ဘုန်းကတောက်ထွန်း။

၁၀။ နတ်ထံဆီ ယွင်းပါလို့၊
အိုလေလေ့ ဆရာတော်
ရမ်းရော်ကြ မှန်းမျှော်ဆ
လွမ်းသနော်ဘုရာ့ တပည့်စုံတို့နော်။

၁၁။ မြပုခက် ဖောင်ယဉ်ပေါ်ငယ်လေ၊
ဆောင်လှော်တင် နောက်ဆုံးနောက်ဆုံး
ဆရာရှင် ပမာတင်
သဒ္ဒါလွင် နွဲ့ချိမ့်ချိမ့်အုံး။

အရှင်ဝိစာရိန္ဒ(ဝိနယ ဝိဒူ)



www.burmeseclassic.com

www.burmeseclassic.com

# လေ့လျော်သံ နှင့် သံချပ်များ

လေ့လျော်သံ၊ (၁) ဦးနန္ဒမာလာတဲ့ ထေရ်ဆရာ
လေတင်ထေရ် အရင်ကြီးရယ်က၊
ပြေရွှာ၊ မြေရွှာ ငြိုးပြိုထင့်၊
နတ်ထီးခိုပေ့ါလှုံပေ့ါ။
ပူဇျာပုံ မျှော်မျှော်တွေးတယ်လေး
မျှော်ငေးလို့လွမ်း။

| | | | |
|---|---|---|---|
| သံချပ် | ၁။ | စစ်ကိုင်းတိုင်းမှ | သာယာဖွယ် |
| | | တန့်ဆည်မြို့နယ် | ချောင်းဆုံရွာလေး |
| | ၂။ | ချောင်းဆုံရွာမှ | ကျောင်းလေတင် |
| | | ပညာတွေသင် | မေတ္တာရှင်ကြီး |
| | ၃။ | လေတင်ကျောင်းမှ | ဆရာတော် |
| | | ပညာအကျော် | ဦးနန္ဒမာလာဘဲ |
| | ၄။ | ဆရာတော်ရဲ့ | ခမည်းတော် |
| | | ချောင်းဆုံရွာပျော် | ဦးဘဂျမ်းတဲ့ |
| | ၅။ | ဆရာတော်ရဲ့ | မြတ်မယ်တော် |
| | | သီလဝင်းထိန် | ဒေါ်ကြွားစိန်တဲ့။ |
| | ၆။ | တစ်သုံးတစ်ဆယ် | ခုနှစ်မှာ |



www.burmeseclassic.com

www.burmeseclassic.com

ထေရ်မြတ်လောင်းလျာ တပို့တွဲလ
၇။ လပြည့်ကျော်(၁၁) စနေတွင်
ဖွားမြင်ခဲ့ပေ မောင်ထွေးအောင်တဲ့။
ယိုယိလေ့လေ့ ယိလေ့လေ့
ယီးလေလေ့ ယီလေလေ့

လေ့လော့်သံ (၂) ဦးနန္ဒမာလာမြတ် ဆရာတော်၊
ထေရ်မော် ထေရ်မော် ထွန်းကာပ၊
ဒေဝါပြည်ရွာ ယွန်းပါလို့။
လွန်လွန်းအောင် မှိုင်စွ မှိုင်စွ၊
မခိုင်နိုင် မျက်ရည်စရယ်လေး။
စီးကျလို့ဖွေး။ (ပြည်ကို ပြေပြော ဖတ်ပါ)

သံချပ် ၈။ တစ်သုံးနှစ်ဆယ် ခုနှစ်တွင်
ဝတ်ခဲ့ကိုရင် မောင်ထွေးအောင်လေး
၉။ ရှင်နန္ဒမာလာရဲ့ မိဘတွေ
သဒ္ဒါဝေလ ပစ္စည်းထောက်ပံ့။
၁၀။ တစ်သုံးနှစ်ကိုး ရဟန်းဖြစ်ရာ
ဉပဇ္ဈာယ်မှာ ဦးတေဇတဲ့။
၁၁။ ခမည်းတော်က ရဟန်းဒါယကာ
ရဟန်းအမမှာ မယ်တော်ကြီးဘဲ။
၁၂။ ဦးမြမောင် ဒေါ်အေးရီ အမမည်
သိက္ခာထပ်ရာ ချောင်းဆုံရွာမှ
၁၃။ ဦးမြမောင် ဒေါ်ညိုရင် သိက္ခာတင်
ဒုအကြိမ်က မန္တလေးဘဲ
၁၄။ (၇) နှစ်သားမှ စ၍ပင်



www.burmeseclassic.com

www.burmeseclassic.com

ဦးတေဇထံ ပညာသင်ကြား
ယိုယိလေ့လေ့ ယိလေ့လေ့
ယီးလေလေ့ ယီလေလေ့

လေ့လေ့ာ်သံ (၃) ရှေးခါကဆို
ယဉ်ဆို အစဉ်ကို ထေရ်ဘုရားရဲ့
ပင်ကိုယ် ရှင်ချို့ ရွှေစကားကိုလ၊
ရွှေရင်ဖို မချိတယ်လေး
ပူမိပေ့ါပင်။

သံချပ် ၁၅။ ပရိတ်ကြီးစ၍ အောက်ခြေတွင်၊
ရွာမှာနေရင်း အခြေခံသင်ခဲ့။
၁၆။ သေခိယနှင့် ကျင့်ဝတ်တွေ
သဒ္ဒါသုတ်နက် အကုန်ကျက်ခဲ့
၁၇။ တစ်သုံးနှစ်လေး ခုနှစ်တွင်
(ခုနှစ်ကို ခွန်နှစ်ဟု ဖတ်ပါ)
ပညာသင်ရာ မန္တလေးသို့
၁၈။ ရေတော်ကျောင်းတိုက် ပထမဆရာတော်
ပညာအရာ အတော်စုံခဲ့။
၁၉။ မန္တလေးမှ ပြောင်း၍သင်
တောင်ငူမြေတွင် အခြေချခဲ့။
၂၀။ တက္ကသိုလ်အသွင် ထိုကျောင်းပင်
ပညာသင်ရာ အတော်စုံခဲ့။
၂၁။ နောင်တော်နတ်ထံ စံပျော်ရာ
မနေသာ၍ ရွာသို့ပြန်ခဲ့။
ယိုယိလေ့လေ့ ယိလေ့လေ့
ယီးလေလေ့ ယီလေလေ့။



www.burmeseclassic.com

www.burmeseclassic.com

လေ့လော့်သံ (၄) မီးသောကအပူ
ရှာသူရှာသူ မှန်းကာတ၊
ဗျာပူ ဗျာပူ လွမ်းပါလို့
မျှော်မှန်းကာ ငိုင်ကြ ငိုင်ကြ
တမှိုင်မှိုင် မျက်ရည်ကျတယ်လေး၊
မျှော်စလို့တွေး။

သံချုပ်
၂၂။ ရှာပြန်လာပြီး ကျောင်းထိုင်ရှာ
နေခင်တော်ရိုက်ရာ ဆက်ခံရှာခဲ့။
၂၃။ နုနယ်သေးတဲ့ (၅)ဝါမှာ
ပညာရှာချိန် ကျောင်းထိုင်ခဲ့ရ။
၂၄။ ဒကာများရဲ့ အပေါ်မှာ
စေတနာပိုကာ မေတ္တာထားခဲ့။
၂၅။ ကိုယ့်ကျန်းမာရေး ဂရုမစိုက်ပါ
မေတ္တာသက်ဝင် ဟောခဲ့ပြောခဲ့။
၂၆။ ဆိုဆုံးမတဲ့ စကားဟာ
မှတ်သားစရာ ကောင်းလှပါရဲ့။
၂၇။ ဓမ္မကျင့်ဝတ် လိုက်နာစရာ
ပမာတင်ကာ ဟောပြောရှာခဲ့။
၂၈။ ဝိနည်းကျင့်ဝတ် မှန်ကန်စွာ
လိုက်နာခဲ့တာ ဒို့ဆရာပဲ။
၂၉။ ဆရာတော်ရဲ့ ဂုဏ်သတင်းဟာ
နယ်ပါမကျန် တိုင်းလုံးနှံ့ခဲ့။
ယိုယိလေ့လေ့ယိလေ့လေ့
ယိုးလေလေ့ ယိလေလေ့

လေ့လော့်သံ (၅) များတပည့်တွေ

www.burmeseclassic.com

www.burmeseclassic.com

ဆူဝေဆူဝေလွှမ်းပါလို့၊
ပူဇွေ ပူဇွေ နွမ်းပါဘိ၊
မျှော်မှန်းခါ ငိုကြွေ ငိုကြွေ
တစိုစို ဂုဏ်ရည်ခန်းကိုလေး၊
ရော်ရမ်းလို့သာ။

| | | | |
|---|---|---|---|
| သံချပ် | ၃၀။ | တပည့်တွေပေါ် | စေတနာတော် |
| | | လွှန်စွာကြီးမားစွာ | ထားခဲ့ထားခဲ့။ |
| | ၃၁။ | ကျေးဇူးကြီးမား | မြတ်ဆရာ |
| | | အနန္တငါးဖြာ | ဦးထိပ်ထားခဲ့။ |
| | ၃၂။ | စာသင်ကြတဲ့ | တပည့်တွေမှာ |
| | | လိုတာမရှိအောင် | အကုန်ထောက်ပံ့။ |
| | ၃၃။ | ခရီးသွားလျှင် | သံဃာရှင် |
| | | တွေ့လျှင်ပင် | လှူခဲ့တန်းခဲ့။ |
| | ၃၄။ | လမ်းသွားရင်ပင် | ဆူးခက်မြင် |
| | | တွေ့လျှင်ပင် | ယူဝင်ပစ်ခဲ့။ |
| | ၃၅။ | မေတ္တာကြီးမား | ဒို့ဆရာ |
| | | အများနဲ့မတူတာ | အံ့မခန်းပါဘဲ။ |
| | ၃၆။ | စည်းကမ်းကြီးတဲ့ | ဆရာရှင် |
| | | တံတွေးကိုပင် | လမ်းပေါ်မထွေးခဲ့။ |
| | ၃၇။ | မှတ်ထားထိုက်တဲ့ | ဒို့ဆရာ |
| | | လိုက်နာသင့်တာ | ရှေ့ဆောင်ပြခဲ့။ |
| | | | ယိုယိလေ့လေ့ယိလေ့လေ့ |
| | | | ယီးလေလေ့ ယီးလေလေ |

လေ့လော့်သံ (၆) မြတ်ထေရ်ရှင်ဆရာ
မဟာမဟာ ဂုဏ်အများကိုလ၊

www.burmeseclassic.com

မကြာမကြာ စုံစုံပွားပါလို့
ဆရာတော်မျှော်လို့ မျှော်လို့
ဆရာတော် ပူဇော်ကြတယ်လေး။
မျှော်တလို့ငေး။ လေ့လော့်သံ

သံချပ်
၃၈။ ဆရာတော်လက်ထက် ကျောင်းလေးတင်၊
စည်ပင်သာယာ တိုးတက်လို့ဘဲ။
၃၉။ အာစီကျောင်းကြီး တည်ဆောက်တာ၊
နတ်မဟာဝိမာန် အံ့မခန်းပါဘဲ။
၄၀။ ပေါ်တော်မူကပ်ကျော် စေတီတော်
နိဗ္ဗာန်ကော်ရော် ပူဇော်တည်ခဲ့။
၄၁။ ပညာရေးတွင် ဆရာရှင်
မျှော်ကာမြင်ကာ တွေးခဲ့ကြံခဲ့။
၄၂။ အာဟာရဒါန ကျွေးမွေးကာ
ပညာအရာ တော်စေချင်လို့။
၄၃။ ခဲတန် ဘောပင် စာအုပ်တွင်
အကုန်မကျန် စွန့်ခဲ့ပေးခဲ့။
၄၄။ နေရာတိုင်းပင် ဆရာရှင်
မလစ်ဟင်းအောင် ဆောင်ခဲ့ရွက်ခဲ့။
၄၅။ ရွာပေါ်ရပ်ပေါ် ဆရာတော်
ကရုဏာတော် လွှမ်းကြီးမားခဲ့။
ယိုယိလေ့လေ့ယိလေ့လေ့
ယီးလေလေ့ ယိလေ့လေ့

လေ့လော့်သံ (၇) မြတ်ကျေးဇူးရှင်
အပြစ်လျှင် အပြစ်လျှင် ရှိပါက၊

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဝင် အချစ်ဝင် ကြည့်ပါလို့၊
ကဝိထေရ်က ထေရ်က
စေတနာ ညွှာတာကြောင်းကိုလေး၊
ဆုတောင်းလို့မျှော်။

| | | | |
|---|---|---|---|
| သံချပ် | ၄၆။ | ရပ်ရွာပေါ်မှာ | စေတနာ |
| | | ကြီးမားမေတ္တာ | ဒို့ဆရာဘဲ။ |
| | ၄၇။ | တစ်သုံးခွန်ရှစ် | လကဆုန်၊ |
| | | နတ်နန်းခိုလှုံ | ဒို့ဆရာမြတ်။ |
| | ၄၈။ | လဆုတ် (၃)ရက် | ပျံတော်မူ။ |
| | | သောကဗျာပူ | ချောင်းဆုံရွာလုံး။ |
| | ၄၉။ | ဆရာတော်အား | လွမ်းစိတ်ဝင် |
| | | မချိရွှေရင် | ချောင်းဆုံရွာလုံး။ |
| | ၅၀။ | ဆရာ့ကျေးဇူး | ထူးဆပ်ချင်။ |
| | | ပူဇာသဘင် | ဆင်ယင်ကျင်းပ။ |
| | ၅၁။ | တပည့်တို့အား | ပြစ်ရှိလျှင် |
| | | မေတ္တာသက်ဝင် | ခွင့်လွှတ်ပါဘုရား။ |
| | ၅၂။ | ဆရာ့ကျေးဇူး | အောက်မေ့ကာ |
| | | အန္တိမ ပူဇာ | ရှိခိုးကန်တော့။ |
| | | | ယိုယိလေ့လေ့ ယိလေ့လေ့ |
| | | | ယီးလေလေ့ ယီလေလေ့ |

တပည့်
အရှင်ဝိစာရိန္ဒ(ဝိနယဓိဋ္ဌူ)

www.burmeseclassic.com

# နေအဆောင်လအရောင်ပမာဆောင် ထပ်ကွန့်တေးထပ်

နေအဆောင် လအရောင်နှုံးဆောင်ချင့်
ဘုန်းရောင်ဝင့်ခဲ့ ထေရ်ဆရာ
သုံးဆောင်အမြင့် ရွှေဝိဟာမှာ
(လေတင်ကျောင်းတိုက်ဆိုတဲ့ ရွှေဝိဟာမှာ)

အဆင့်အတန်း အခြေမြင့်လို့ တပည့်ရဟန်းရှင်ချစ်သို့
ဆင့်ကမ်းအမွေအနှစ် သာသနာ့ဝန်ကို
ထာဝရကျေပွန်အောင် ဆောင်ရွက်ခဲ့အထူး...။

ခါခါမညှိုး ဘာသာအမျိုး
သာသနာအကျိုး ဖွံ့ဖြိုးဝေစည်
ဓွန့်တိုးအရှည် တည်ရွှယ်စူး...

အနှုံ့မိုးမြေဆီ တကယ်ထူးပါပေ့
နယ်ပယ်အမှူးထေရ်ဆရာ...။

များသိသာ ဟဒယအတွင်းမှာတော့
လတစ်စင်း လင်းသည့်ပမာ...။



www.burmeseclassic.com

www.burmeseclassic.com

အဖေနဲ့မခြား အမေကဲ့သို့အလား။
တပည့်သားတွေအတွက် ကီကုတ်နှစ်ဖြာကို
ပရမေပုဒ္ဓေါ ညွှန်ပြ လမ်းအညီသို့
လှမ်းချီလို့ ချီးမြှောက်ပေတာ ထူးတဲ့ဂုဏ်ဝါ...။
ဘယ်ခါ မေ့မရ မကွာနေ့ည
ဆရာထေရ်အလှ ဂုဏ်အဖြာဖြာကို
ပဒုံကြာပမာ လက်စုံမိုးပါရဲ့လေး..။

ကြေငြာအသိ ဝေ့ဝဋ္ဋာအထိ
ထေရ်ဆရာ၏ နောက်ဆုံးသဘင်ကို
သာကြည်ရွှင်ရွှင် ဖူးလိုက်ချင်ရဲ့လေး...။

အခုတော့ ... ရွှေတောင်လဲတမျှ နေရောင်လည်းမရ
တကယ့်မှောင်မဲဘဝ အဖြစ်များဖန်ပြီ
တပည့်များကိုချန်ကာ ပြည်နတ်ထံ
လှမ်းတက်ပြီကွဲ့လေး...။
ဘုရားတပည့်တော်နှင့် တပည့်တော်မ
အပေါင်းတို့မှာတော့...ဝမ်းနည်းပူဆွေး
လွမ်းလျက် ငိုကြွေး...။

(တေးရေး၊ အဆိုတော်၊ ဒါရိုက်တာ ရဲမြင့်မြတ် ရေးဖွဲ့ပူဇော်သည်။)



www.burmeseclassic.com

www.burmeseclassic.com

## ဘဝဖြစ်စဉ် မြဲဆင်ခြင်

ဇရာဖိစီး အသက်ကြီး
ပျက်စီးဖို့လည်း နီးခဲ့ပြီ။
ဗျာဓိဖိစီး ရောဂါကြီး
ပျက်စီးဖို့လည်း နီးခဲ့ပြီ။
မရဏာဖိစီး သေသည်ချည်း
အပြီးဘဝ စွန့်ရသည်။
မခွဲလိုလည်း ခွဲသည်ချည်း
အထီးကျန်ရ ဆွေးရသည်။
ကောင်းလျှင်လည်းစံ မကောင်းခံ
ကိုယ့်ကံကိုသာ ပိုင်ကြသည်။
ငါးဖြာဖြစ်စဉ် မြဲဆင်ခြင်
ရှောင်ကြဉ် အကုဝေးတော့သည်။

ကိုးကား (အံ-၂-၆၃)

## ပွဲကြည့်သမား

ငါ့ရှေ့မှာအို များသူကို
မြင်နေအတိုင်းသား



www.burmeseclassic.com

www.burmeseclassic.com

မြင်ပါသော်လည်း ငါ့စိတ်ထဲ
အိုရန် မေ့နေဆဲ။
ငါ့ရှေ့မှာနာ များသူငှာ
မြင်နေအတိုင်းသား
မြင်ပါသော်လည်း ငါ့စိတ်ထဲ
နာရန် မေ့နေဆဲ။
ငါ့ရှေ့မှာသေ များသူတွေ
မြင်နေအတိုင်းသား
မြင်ပါသော်လည်း ငါ့စိတ်ထဲ
သေရန် မေ့နေဆဲ။
အိုနာသေကို ပို့နေတာ
စက္ကန့်အမျှပါ
ခဏမစဲ သေနေလည်း၊ သတိမမြဲပါ
မေ့လျော့ကာပဲ မဆင်ခြင်ဘဲ
ပွဲကြည့်သူသို့ပဲ။

(နာကြားဖူးသမျှ)

## ဘယ်မှာ ငါဟု ရှိအံ့နည်း

လောကဇာတ်ခုံ ဤလူဘုံ၌
မျိုးစုံကကြ မာန်မာနနှင့်
ငါက ရာဇာ ငါဟာ သူဌေး
ငါ ပဂေးဟု ငါသွေးတက်ကြွ
လူ့ဗာလတို့ များလှအဖြာဖြာ
အဝိဇ္ဇာနှင့် တဏှာဘီလူး



www.burmeseclassic.com

www.burmeseclassic.com

အမှောင်ပူး၍ ကျူးကျူးကျော်ကျော်
ဂုဏ်ကိုဖော်လျက် မော်မော်မောက်မောက်
ငါတစ်ယောက်သာ မိုးအောက်တစ်လွှား
ရှေ့ကိုယ်လားဟု ထင်မှားမလွဲ
သို့စဉ်စွဲလည်း ဇာတ်ပွဲပြီးက
ပြည်ဖုံးချသော် သုဘရာဇာ
မြေအောက်မှာပင် ဘာသာလူမျိုး
ချိန်မထိုးဘဲ ပုပ်သိုးခန္ဓာ
မြုပ်ရရှာသည် ဘယ်မှာငါဟု ရှိအံ့နည်း။

## ငါစွဲ

လူ့ပြည်လောက လူ့ဘဝမှာ
လူဖြစ်လာသော် ငါ့ဟာ ငါ့ယာ
ငါ့ဥစ္စာနှင့် ငါ့ရုပ် ငါ့နာမ်
ငါစွဲသန်ကာ တငါငါနှင့်
မာန်ဝင့်ဝါကြွား ငါသာများခဲ့
ရုပ်နာမ်သင်္ခါရ ဓမ္မတာရ
ကွယ်လွန်ကြသော် ငါ့ဟာ ငါ့ယာ
ငါ့ဥစ္စာလည်း ငါစွဲမဆိုင်
ငါမပိုင်ခဲ့ ဒီနာမ် ဒီရုပ်
ငါမဟုတ်ဘဲ ငါခွဲရသည်
ငါစွဲ ဘယ်မှာရှိတော့နည်း။



www.burmeseclassic.com

www.burmeseclassic.com

## နေရမယ့်ရက်က အများကြီး သေရမယ့်တစ်ရက်ကို မေ့နေကြတယ်

"နုပျိုနေတဲ့ ငါ့ရဲ့ခန္ဓာ တစ်နေ့နေ့ကြ အိုရမှန်စွာ"
နုပျိုနေတဲ့ ငါတို့ခန္ဓာကိုယ်ကြီး ဧကန်မုချအိုရမှာပါတကား။

"ကျန်းမာနေတဲ့ ငါ့ရဲ့ခန္ဓာ တစ်နေ့နေ့ကြနာရမှန်စွာ"
ကျန်းမာနေတဲ့ ငါတို့ရဲ့ခန္ဓာကိုယ်ကြီး ဧကန်မုချနာရမှာပါတကား။

"သက်ရှင်နေတဲ့ ငါ့ရဲ့ခန္ဓာ တစ်နေ့နေ့ကြ သေရမှန်စွာ"
သက်ရှင်နေတဲ့ ငါတို့ရဲ့ခန္ဓာကိုယ်ကြီး ဧကန်မုချသေရမှာပါတကား။

"ချစ်ခင်နေတဲ့ ငါ့ရဲ့ဆွေသဟာ တစ်နေ့နေ့ကြခွဲရမှန်စွာ"
ချစ်ခင်တွယ်တာနေတဲ့ ငါ့ရဲ့ဆွေမျိုးသားချင်း
မိတ်သင်္ဂဟအပေါင်းတွေလည်း ဧကန်မုချ ခွဲခွာရမှာပါတကား။
(ပေတဝတ္ထု)

.........................................

မနေရလို့ သေကြသောအခါ
ကိုယ့်နောက်ကိုများ ဘာများပါမှာ
ပစ္စည်းစုစု တစ်ခုမပါ ကိုယ်ပြုထား
ကံများ ပါတော့မှာ။

မိမိပိုင်ဆိုင်ထားသော လယ်ယာ၊ ခြံ၊ မြေ၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား ပစ္စည်းဥစ္စာတွေဟာ မိမိသေဆုံးသွားရင် ဘာတစ်ခုမှ ယူသွားလို့မရပါ။ ကုသိုလ်ကံ အကုသိုလ်ကံသာလျှင် စံစား ခံစားရတော့မှာပါတကား။ ။



www.burmeseclassic.com

www.burmeseclassic.com

## သင်္ချိုင်း

ရုပ်နာမ်မမွ သင်္ချိုင်းကား
ငါ၏လိုရာ အမြဲမပါ
မှန်စွာမမြဲ ဖောက်ပြန်တဲ
ရှုမြဲမှတ်ပါ သင်္ချိုင်းရာ
ရှုမှတ်ဆင်ခြင် အမြဲပင်
နေ့စဉ်ပွားများနေရမှာ
ပွားများမှလျှင် သံသရာတွင်
ပူပင်သောက ကင်းတော့မှာ
မဂ်ဖိုလ်လမ်းတွင် ဖြောင့်ဖြောင့်ပင်
ဖောက်မှုချ ဝင်တော့မှာ။ ။

ဒါန သီလ ဘာဝနာ နှင်သာပြုသင့်သည်
ဇာတိ ဇရာ မရဏာ မကြာ နှင်တွေ့မည်
ဘယ်နှစ် ဘယ်လ ရောက်ပါမှ ကာလမရွေးပြီ
ကြီးငယ်မဟူ ကိုယ့်ရွယ်တူ ခုမှူသေလှပြီ။
နာရီစက္ကန့် ရွေ့ရွေ့လျား လူသားတွေက အိုရာသွား
ရွေ့လျားကာလ ကြာသောခါ ရာသီ ရက်လနှစ်တွေကြာ
လူတွေမှာ အိုရာက သေကြေပျက်စီးကြ
အနိစ္စ ဒုက္ခ အနတ္တ နာရီ ညွှန်ပြ သံဝေဂ။

ဒီလိုနဲ့ပဲ တစ်ဘဝဆုံးပြန်ပြီ
တစ်နေ့တစ်နေ့ ထားခဲ့ရမှာတွေအတွက်ပဲ
မပြီးဆုံးနိုင်အောင် လုပ်နေကြတာများတယ်



www.burmeseclassic.com

www.burmeseclassic.com

ယူသွားရမှာတွေအတွက်တော့
ဟိုနေ့လုပ်မယ် ဒီနေ့လုပ်မယ်နဲ့
ရက်ရွှေ့နေတာနဲ့တင် သေမယ့်နေ့ကိုသာ ရောက်သွားမယ်
မလုပ်ဖြစ်ကြသေးဘူး။

ပေါ်တိုင်းမပြတ် ရှုမှတ်နေလျှင်
ရုပ်နာမ် နှစ်မျိုး ကြောင်းကျိုးသိမြင်
မမြဲ ဆင်းရဲ ဉာဏ်ထဲပေါ်လွင်
အနတ္တ သိရ နိဗ္ဗာန်ဝင်။ ။

မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ

စားသမျှ မစင်
ဆင်သမျှ ပတ်တီး
ရှုမငြီးပါဘူးဆိုတဲ့ ဒီခန္ဓာ
ထွက်သမျှ မသတီစရာကို
မမြင်နိုင် အကန်းလိုပ
အဝိဇ္ဇာ အမှောင်ဖုံ့လို့
အရေဖုံးတဲ့ ဒီမသာကောင်ကို
ငါမှတ်လို့ရှုး။

(နာကြားဖူးသမျှ)



www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်ကျောင်းချ ဆွမ်းကုသိုလ်အလှူရှင်

၁။ ဦးမောင်တူး+ဒေါ်မာမာ-မိသားစု ကောင်းမှု၊ မန္တလေးမြို့။

၂။ ပြဿဒ် ကုသိုလ်အလှူရှင်
ဦးခင်မောင်ညွန့်+ဒေါ်စက်ရီ မိသားစု ကောင်းမှု၊ မန္တလေးမြို့။

၃။ အန္တိမစျာပနပူဇာပွဲ - လောင်တိုက် ကုသိုလ်အလှူရှင်
မနွယ်အေး၊ မနွယ်ဌေး၊ ကိုမောင်ဆန်း၊ ကိုချမ်းဇော်၊
မနွယ်စိုး၊ မနွယ်မိုး၊ အောင်မြင့်မြတ် ကွမ်းရောင်းဝယ်ရေး
မိသားစု ကောင်းမှု၊ မန္တလေးမြို့။
ဦးမျိုးမြင့်ဦး+ဒေါ်ရွှေစင်ဝင်း၊ သား ဝင်းဘုန်းမြတ်ဦး၊
လင်းဘုန်းမြတ်ဦး မိသားစု ကောင်းမှု၊ မန္တလေးမြို့။

၄။ စံကျောင်းကုသိုလ် အလှူရှင်
မဟာဒက္ခိဏာရာမကျောင်းဆရာတော် ဘဒ္ဒန္တသုမနသာမိ ကောင်းမှု။
ဖလံချိုင်ရွာ။
ဦးစိန်မြင့်+ဒေါ်မိတာ၊ သား မောင်သန်းထွန်းအောင်၊ မောင်ပြည့်ဖြိုးအောင်
မိသားစု ကောင်းမှု၊ ဖားကန့်မြို့။

၅။ လောင်စဉ် ကုသိုလ်အလှူရှင်
ဦးမောင်စိုး+ ဒေါ်ခိုင် မိသားစု ကောင်းမှု၊ ရန်ကုန်မြို့။

၆။ ရှေ့ထွက်ပြဿဒ် ကုသိုလ်အလှူရှင်
ဦးမောင်လင်း+ဒေါ်အေးမြင့် မိသားစု ကောင်းမှု၊ ချောင်းဆုံ

၇။ အလောင်းထုတ်ပြဿဒ် ကုသိုလ်အလှူရှင်
ဒေါ်ဌွေး၊ တူ၊ ကိုဂျစ်တူး+မသီတာမိသားစု ကောင်းမှု၊ မန္တလေးမြို့။



www.burmeseclassic.com

www.burmeseclassic.com

၈။ နောက်လိုက်ပြသသာဒ် ကုသိုလ်အလှူရှင်
ဦးသန်းမောင်+ဒေါ်ပြုံး မိသားစု ကောင်းမှု၊ ချောင်းဆုံ။

၉။ ဆင်ဖြူတော်နှင့်ဗြဟ္မာရုပ် ကုသိုလ်အလှူရှင်
(ဦးပေါ်ဆိုင်)+ဒေါ်ဝင်းစိန် မိသားစု ကောင်းမှု၊ ချောင်းဆုံ။

၁၀။ စဉ့်ရှင်နတ်လမ်း ကုသိုလ်အလှူရှင်
ဦးမြစိန်+ဒေါ်တိုက်ကြည် မိသားစု ကောင်းမှု၊ ချောင်းဆုံ။

၁၁။ ဇည့်ခံဆိုင်းနှင့် ဇယဉ်ကြူး ကုသိုလ်အလှူရှင်
ရေဦးကုန်းကျောင်းမ ကျောင်းဆရာတော်နှင့်တပည့်ဒါယိကာ၊ ဒါယိကာမ
များ ကောင်းမှု၊
မနွယ်အေး၊ မနွယ်ငွေ၊ ကိုမောင်ဆန်း၊ ကိုချမ်းဇော်၊ မနွယ်စိုး၊ မနွယ်မိုး၊
အောင်မြင့်မြတ် ကွမ်းရောင်းဝယ်ရေးမိသားစု။

၁၂။ ဆရာတော်၏ အန္တိမ ဈာပနပူဇာပွဲမှတ်တမ်းတင် ဗီဒီယိုကုသိုလ်အလှူရှင်
ထွန်းရွှေဝါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ လှူငယ်များ ကောင်းမှု၊
ရန်ကုန်မြို့။

၁၃။ အန္တိမ ဈာပနပူဇာပွဲ အရဏ်ဆွမ်း ကုသိုလ်အလှူရှင်
ဦးဆန်းမောင်+ဒေါ်စွဲ၊ သား မောင်တင်စိန်+မဝင်းမာခိုင်မိသားစု ကောင်းမှု။
ရန်ကုန်။
ဦးကျော်ဝင်း+ဒေါ်တင်တင်ငွေ၊ သမီး မအေးမြတ်နွယ်မိသားစု ကောင်းမှု။
ရန်ကုန်။
ဦးမောင်စိုး+ဒေါ်စိုးမိုး မိသားစု ကောင်းမှု၊ ချောင်းဆုံ။

၁၄။ အန္တိမဈာပနပူဇာပွဲ နေ့ဆွမ်းကုသိုလ်အလှူရှင်
ဦးအောင်ဆန်း+ဒေါ်တင်စိန်မိသားစု၊ ဦးမောင်မြင့်+ဒေါ်မြင့်ကြည်
မိသားစု ကောင်းမှု။
ဦးကံပေါ်+ဒေါ်ငွေတင်၊ သမီး မရီလှ မိသားစု ကောင်းမှု၊ ချောင်းဆုံ။



www.burmeseclassic.com

www.burmeseclassic.com

ဦးတင်ပျို+ဒေါ်တင်ငွေ၏ သား ကိုမြင့်လင်း+မခင်ဆွေမြင့်မိသားစု
ကောင်းမှု။ ချောင်းဆုံရွာ။

၁၅။ ဖခင်ကြီး (ဦးသာလွင်)+ ဒေါ်အေးချို နှင့် ထွန်းရွှေဝါတိုင်းရင်းဆေးမိသားစု
အလှူတော်ငွေ - ဆယ်သိန်း

၁၆။ အန္တိမ ဈာပနပူဇာပွဲအကြိုမဓမ္မသဘင် ကုသိုလ်ရှင်
၁၃၇၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်နေ့ည၊ ဦးတင်ရွှေ+ဒေါ်စန်းတင့်
သား မောင်ကျော်စွာဝင်း၊ ကျော်စွာမင်း+မညီညီ၊ သား မောင်ရဲထွဋ်ဦး၊
မောင်ကျော်ဇေယျာဝင်းထွဋ်၊ (ဦးဖိုးထီ)+ ဒေါ်ငွေး ချောင်းဆုံမိသားစု
ကောင်းမှု။
၁၃၇၈ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ရက်နေ့ည၊ ဒေါ်သိန်းတင်အား အမှူး
ထား၍မခင်ချို၊ မခင်မိုးမိုး၊ မိုးဆမ်းပန်း အထည်ဆိုင်မိသားစု ကောင်းမှု၊
လမ်းဆုံမြို့။


www.burmeseclassic.com

www.burmeseclassic.com

# သံဝေဂလင်္ကာ

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်
ကွယ်ချုပ်ဝင်သည့်၊ ဤသခေၤါရ၊ သဘာဝကား
ဌာနနယ်ချုံ၊ တစ်နီဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ
တစ်မြို့ရွာလျှင်၊ မျက်နာမဲ့လျှင်း၊ တစ်အိမ်တွင်း၌
သီးသန့်ပိုင်းခြား၊ တစ်ကန့်ထား၍၊ ဖြစ်ပွားလေ့လာ
မဟုတ်ပါဘူး၊ ဖြဟ္မာလူနတ် ထုတ်ချင်းခတ်အောင်
ဥပါဒ်စလျှင်၊ ဌီသို့ဝင်၍ ဘင်္ဂကွန္တာ၊ မရဏာဖြင့်
ရှုရှုလှုပ်လှုပ်၊ တဖြုတ်ဖြုတ်လျှင်
နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်
လမ်းရိုး အနိစ္စ ပါတကား။
လမ်းရိုး ဒုက္ခ ပါတကား။
လမ်းရိုး အနတ္တ ပါတကား။

စာအုပ်အလှူရှင် ..... ထွန်းရွှေဂါတိုင်းရင်းဆေး မိသားစု ကောင်းမှု

www.burmeseclassic.com